**နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေညာခြင်း**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ဝက်(ဖြလ)(ဧပြီလမှ စက်တင်ဘာလအထိ) အတွက် ပြင်ပစာရင်းစစ် မစစ်ဆေးရသေးသော ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ဘဏ်၏ စီမံခန့်ခွဲရေးအဖွဲ့မှ အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဘဏ်နှင့်ဆက်သွယ်သူများ လေ့လာသိရှိနိုင်ရန်အတွက် ယခင်နှစ်ဝက် (၂၀၂၂-၂၀၂၃)(ဖြလ) အလားတူကာလနှင့် နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်။

**(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ဝက်(ဧပြီလမှ စက်တင်ဘာလအထိ) ဝင်ငွေနှင့် အသုံးစရိတ်ရှင်းတမ်း ရှင်းလင်းချက်**

**၁။ ဝင်ငွေနှင့်အသုံးစရိတ်စာရင်း(Statement of Comprehensive Income)**

**(က) အတိုးဝင်ငွေများ(Interest Income)**

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ဝက်(ဖြလ)တွင် ဘဏ်၏အဓိကဝင်ငွေဖြစ်သော အတိုးဝင်ငွေ(Interest Income)မှာ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ချေးငွေအတိုးဝင်ငွေပမာဏမှာ ကျပ်၁၇.၅၄သန်း (၀.၂၈)ရာခိုင်နှုန်း တိုးလာပါသည်။ အဓိကတိုးလာသည့်အကြောင်းမှာ ဘဏ်ချေးငွေရယူထားသူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာနိုင်သောကြောင့် အတိုးဝင်ငွေများမှန်မှန်ကန်ကန်ရရှိသည့်အပြင် ချေးငွေအသစ်များ ထပ်မံထုတ်ချေးခဲ့သည့်အတွက်ဖြစ်ပါသည်။ ထို့အပြင် ချေးငွေကြွေးကျန်အချို့ကိုလည်း ပြန်လည်ကောက်ခံရရှိသောကြောင့်ဖြစ်ပါသည်။

**(ခ) အခြားဝင်ငွေများ(Other Income)**

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ဝက်(ဖြလ)တွင် အတိုးဝင်ငွေအပြင် အခြားဝင်ငွေများဖြစ်ကြသော ဝန်ဆောင်စရိတ်ရငွေများ၊ မီးအာမခံကော်မရှင်နှင့် ငွေလွှဲလုပ်ငန်းရငွေ စသည့်ဝင်ငွေများမှာ ယခင်နှစ် အလားတူကာလထက် ငွေပမာဏကျပ်(၅၃.၀၄)သန်း (၃၀.၉၃)ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ လျော့နည်းရသည့် အဓိကကြောင်းမှာ ယခုနှစ်နိုင်ငံခြားငွေတန်ဖိုး ပြန်လည်သင့်ခြင်းမှရငွေ(Exchange Gain) မရရှိသေးသောကြောင့်ဖြစ်ပြီး ဘဏ်ခွဲအချို့ပိတ်ထားရသည့်အတွက် အခြားဝင်ငွေများဖြစ်သည့် ငွေလွှဲလုပ်ငန်း ဝင်ငွေလျော့နည်းရခြင်းဖြစ်ပါသည်။

| ရှင်းလင်းချက် | ၁.၄.၂၀၂၃ မှ ၃၀.၉.၂၀၂၃ | ၁.၄.၂၀၂၂ မှ ၃၀.၉.၂၀၂၂ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| **အတိုးဝင်ငွေ** | ၆,၃၆၆.၅၁ | ၆,၃၄၈.၉၇ | ၁၇.၅၄ | ၀.၂၈ |
| **အခြားဝင်ငွေ** | ၁၁၈.၄၃ | ၁၇၁.၄၆ | (၅၃.၀၃) | (၃၀.၉၃) |

**အသုံးစရိတ်များ(Expenses)**

**(ဂ) အပ်ငွေပေါ်ပေးရသော အတိုးစရိတ်(Interest Expenses)များ**

ဘဏ်အပ်ငွေများအပေါ်ပေးသော အတိုးစရိတ်များ(Interest Expenses)မှာလည်း ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် (၁၂.၈၃)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ယင်းသို့ တိုးတက်ရခြင်းမှာ ဘဏ်အပ်ငွေပမာဏ ကျပ်(၁၂,၈၀၅.၈၄)သန်း (၉.၆၆)ရာခိုင်နှုန်းတိုးတက်သွားသောကြောင့်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့မှ ဘဏ်အပ်ငွေများကို ပိုမိုရရှိရန် ကြိုးစားဆောင်ရွက်နေသည့်အတွက်ဖြစ်ပါသည်။

**(ဃ) စီမံခန့်ခွဲမှုစရိတ်များ (Operating Expenses)**

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွက် အသုံးစရိတ်(Operating Expenses)အပိုင်းတွင် ဝန်ထမ်းစရိတ်များ(Personnel Expenses)ကို (၁၀.၀၅)ရာခိုင်နှုန်း အထွေထွေစီမံခန့်ခွဲမှုစရိတ်(General & Administrative Expenses)များတွင် (၆၄.၉၈)ရာခိုင်နှုန်းခန့် ပိုမိုသုံးစွဲခဲ့ပါသည်။ အထွေထွေနှင့် စီမံခန့်ခွဲမှုစရိတ်(General & Administrative Expenses) ပိုမိုသုံးစွဲရခြင်းမှာ ဘဏ်မှ ယခု ဘဏ္ဍာရေးနှစ်အတွင်း (၁) Integrated Core Banking System (၂) FI Gateway (၃) MIS Project (၄) Digital Channel Project and API (၅) Website Project (၆) Purchase Computer for iCBS project အစရှိသည့် ဘဏ်လုပ်ငန်းစနစ်အား နည်းပညာစနစ်အဆင့်မြှင့်တင်လျှက်ရှိသောကြောင့် ပိုမိုကုန်ကျခဲ့ရခြင်းဖြစ်ပါသည်။

| ရှင်းလင်းချက် | ၁.၄.၂၀၂၃ မှ ၃၀.၉.၂၀၂၃ | ၁.၄.၂၀၂၂ မှ ၃၀.၉.၂၀၂၂ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| **အပ်ငွေပမာဏ** | ၁၄၅,၅၃၃.၉၆ | ၁၃၂,၇၀၈.၁၂ | ၁၂,၈၀၅.၈၄ | ၉.၆၆ |
| **အပ်ငွေပေါ်ပေးရမည့်အတိုး** | ၃,၅၁၂.၀၄ | ၃,၁၁၂.၆၂ | ၃၉၉.၄၂ | ၁၂.၈၃ |
| **လစာနှင့်စရိတ်များ** | ၁,၆၆၅.၃၈ | ၁,၅၁၃.၃၁ | ၁၅၂,၀၇ | ၁၀.၀၅ |
| **အထွေထွေစီမံခန့်ခွဲမှုစရိတ်များ** | ၁,၁၈၆.၉၃ | ၇၁၉.၄၆ | ၄၆၇.၄၇ | ၆၄.၉၈ |

## ၂။ ဘဏ္ဍာရေးအခြေအနေရှင်းတမ်း(Statement of Financial Position)

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၃၀-၉-၂၀၂၃)ရက်နေ့ရှိ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ဝက်အခြေအနေ ရှင်းတမ်း (Statement of Financial Position as at 30 September 2023) (Unaudited)အပေါ် ဘဏ်စီမံခန့်ခွဲရေးအဖွဲ့မှ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) ရရန်ပိုင်ခွင့်များ(Assets)**

(၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ဝက်(၃၀-၉-၂၀၂၃)နေ့ရှိ ဘဏ်၏ငွေသားနှင့် ငွေသားကဲ့သို့ တန်ဖိုးတူ ရပိုင်ခွင့်များ (Cash & Cash equivalents)မှာ ယခင်နှစ် ဘဏ္ဍာရေးနှစ်နှင့် အလားတူကာလထက် (၉.၀၁)ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ချေးငွေနှင့် ရရန်ရှိများ (Loans and receivables)သည် ယခင်နှစ်အလားတူကာလထက် (၁၃.၂၄)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ စုစုပေါင်းရရန်ပိုင်ခွင့်(Total Assets)များမှာ ယခင်ဘဏ္ဍာရေးနှစ် အလားတူကာလထက် (၁၀.၆၃)ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**အစုရှင်များ၏ ပိုင်ဆိုင်ခွင့်(Equity)**

(ခ) အစုရှင်များ၏ပိုင်ဆိုင်ခွင့်(Equity)တွင် ဥပဒေအရ လျာထားသီးသန့်ရန်ပုံငွေ(Statutory reserve)မှာ ယခင်ဘဏ္ဍာရေးနှစ်အလားတူကာလထက် (၄.၉၂)ရာခိုင်နှုန်း ပိုမိုများလာပါသည်။ မခွဲဝေရသေးသည့် နှုတ်ချန်ထားသည့် ဝင်ငွေစာရင်း(Retained Earning)လက်ကျန်မှာ ယခင်နှစ်အလားတူကာလထက် ကျပ်၂,၁၆၂.၅၆သန်း၊ (၃၀.၉၆)ရာခိုင်နှုန်းလျော့ခဲ့ပါသည်။ ယင်းသို့လျော့သွားခြင်းမှာ ဒါရိုက်တာအဖွဲ့သည် (၁၇-၂-၂၀၂၃)ရက်နေ့တွင် အစုရှယ်ယာရှင်များကို ရှယ်ယာဆုကြေး(Share Bonus)အဖြစ် ငွေပမာဏ ကျပ်(၄၉၄၄.၀၈)သန်း အစုအရေအတွက် (၄,၉၄၄,၀၈၃)စုကို အစုရှယ်ယာအဖြစ် ထုတ်ပေးခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

| ရှင်းလင်းချက် | ၁.၄.၂၀၂၃ မှ ၃၀.၉.၂၀၂၃ | ၁.၄.၂၀၂၂ မှ ၃၀.၉.၂၀၂၂ | ခြားနားချက် အတိုး/အလျော့ | ရာခိုင်နှုန်း |
|---|---|---|---|---|
| **(က)ငွေသားနှင့်ငွေသားကဲ့သို့ ရပိုင်ခွင့်များ** | ၃၅,၇၉၉.၄၁ | ၃၃,၅၈၄.၂၈ | ၂,၂၁၅.၁၃ | ၆.၆၀ |
| **Loan & Advance** | ၁၁၅,၁၀၄.၂၀ | ၁၀၁,၆၄၇.၃၆ | ၁၃,၄၅၆.၈၄ | ၁၃.၂၄ |
| **Total Assets** | ၂၃၁,၄၁၈.၃၄ | ၂၀၉,၁၉၁.၀၈ | ၂၂,၂၂၇.၂၆ | ၁၀.၆၃ |
| **(ခ) Statutory Reserve** | ၁၈,၅၂၅.၉၇ | ၁၇,၆၅၆.၆၀ | ၈၆၉.၃၇ | ၄.၉၂ |
| **Retained Earning** | ၄,၈၂၃.၃၉ | ၆,၉၈၅.၉၅ | (၂,၁၆၂.၅၆) | (၃၀.၉၆) |

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်၏နှစ်ဝက် ပထမ(၆)လကာလတွင်အခက်အခဲများကြားမှ ဒါရိုက်တာအဖွဲ့သည် ဘဏ်လုပ်ငန်းများကို ပုံမှန်နီးပါးလည်ပတ်နိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ရပါသည်။ အခြားတစ်ဖက်မှလည်း ဘဏ်လုပ်ငန်းများကို ခေတ်မီဘဏ်လုပ်ငန်းစနစ် Digital Banking သို့ ပြောင်းလဲနိုင်ရန် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘဏ်အပ်ငွေများ၊ ဘဏ်ချေးငွေများ ပိုမိုရရှိရန်ဆောင်ရွက်လျှက်ရှိပြီး ချေးငွေများကို ချေးငွေကြွေးကျန်(NPL)မဖြစ်ပေါ်စေရန် အထူးဂရုစိုက် စိစစ်ဆောင်ရွက်လျှက်ရှိပါသည်။ (NPL)များကိုလည်း ပြန်လည်ရရှိအောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျှက်ရှိပါသည်။ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်ချုပ်တွင်လည်း ခန့်မှန်းထားသည့် ဝင်ငွေများရရှိအောင် ကြိုးစားဆောင်ရွက်လျှက်ရှိကြောင်း တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

အမှုဆောင်အရာရှိချုပ်
၂၀၂၃ ခုနှစ် ဇန်နဝါရီလ(၃)ရက်